# TH- LESSON 8

## မိတ်ဆွေ ယေရှု

ငါတို့ပြစ်နှင့် ဝမ်းနည်းခြင်းများ ခံရန် မိတ်ဆွေ ယေရှုရှိ
ဆုတောင်းခြင်းဖြင့် ထံတော်ချဉ်းကပ် ခွင့်သည် အံ့ဘွယ်
ဖြစ်ပေ၏။ ငြိမ်သက်ခြင်းကို ကြိမ်ဖန် စွန့်ပစ်
မခံသင့် ဝန်ထမ်းခဲ့ပြီ၊ ကိုယ်တော်ထံတွင်
ဆုတောင်းခြင်းဖြင့် မယူဆောင်ခြင်းကြောင့် ဖြစ်သည်။

ငါတို့သည် စုံစမ်းနှောက်ယှက်ခြင်း ဆင်းရဲဒုက္ခ ရှိသလား
ဘယ်ခါမျှ စိတ်မပျက်စေရာ ဆုတောင်းလျက်
ထံတော်ချဉ်းပါ။ ဝမ်းနည်းခြင်း မျိုးခံမိတ်ဆွေလို
သစ္စာရှိသူတွေ့မည်လား။ ငါတို့အားနည်းခြင်း ယေရှုသိ
ဆုတောင်းလျက် ထံတော်ချဉ်းပါ။

ပင်ပန်းလှစွာ ဝန်ထုပ်လေး၍ အားနည်းလျက် ရှိကြသလား
ကယ်တင်ရှင် မှီခိုရာဖြစ်ပေ ဆုတောင်းလျက်
ထံတော်ချဉ်းပါ။ မိတ်ဆွေများ ရွံ့ရှာစွန့်ပစ်လျှင်၊
ဆုတောင်းလျက်ထံတော် ချဉ်းပါ။ လက်တော်ဖြင့်
ကွယ်ကာစောင့်မမည်။ ထိုမှာ နှစ်သိမ့်ရာကိုရှာ။

## ယေရှုကြွေးဆပ်ပြီကျူး (တိတု ၂း၁၄)

ငါပြုကျင့်ရာ တရား၊ အလျင်း မရှိကုန်ပြီ။
မြတ်ယေရှုရှင် ငါ့ဘို့ပင်၊ ပြစ်ကြွေးဆပ်တော်မူပြီ။

**ယေရှု ကြွေးဆပ်ပြီ၊ ရှိသမျှပေပြီ။**
**ယေရှုရှင် ချွတ်ပိုင်သခင်၊ ငါ့ကြွေးအကုန်ဆပ်ပြီ**

ကောင်းကင်ဘုံမှ ဆင်းသက်လျှင်၊ ငါ့ကြောင့် ခံတော်မူရာ
တိုင်တော်ပေါ်တွင် ခံနေစဉ်၊ အမှုပြီးပြီကြွေးကြော်

အိုဝန်လေး ပင်ပန်းသောသူ၊ အဘယ်သို့ လုပ်ကြံနည်း
သင့်တွက်ဝင်သူ ရှင်ယေရှု အကုန်ခံတော်မူပြီ

ရှင်ယေရှုခံတော်မူခြင်း၊ သင်ယုံကြည်ကိုးမှသာ
ကြွေးမှကင်းကျေးဇူးခံလျင်၊ ရှင်ယေရှု၌ ငြိမ်းရာ

## ယေရှုထံသို့ လာခြင်း

ကားတိုင်သို့ ကျွန်ုပ်လာသည်၊ ဆင်းရဲမျက်စိ ကန်းနွမ်းပါး။
ကောင်းမှုများအလျင်းမရှိ၊ ကယ်တင်ခြင်း မှန်တွေ့နိုင်ရာ။

**မင်္ဂလာရှိ သိုးသူငယ်၊ ကိုယ်တော်ကို ကျွန်ုပ်ကိုးစား**
**ရှိသေစွာ ဦးညွတ်မှီဝဲ၊ ယေရှုခု ကယ်တော်မူပါ။**

ကြာကြာကျွန်ုပ်ဆိုးအားကြီး၊ ကိုယ်တော်ကို ကျွန်ုပ်
အောက်မေ့။ ယေရှုချိုသံကြားပါပြီ၊ သင့်အပြစ်
ငါ့သွေးနှင့်ဆေး

ရောဂါမျိုး လုံးစုံကင်းရှင်း၊ ကျွန်ုပ်ကို စုံလင်စေ၍
ကြွလာပြီ ကျွန်ုပ်သခင် ကိုယ်တော်၌ ဘုန်းရှိပါစေ။

## ကားတိုင်မှာ

ကိုယ်တော် ဝန်ခံ မှုတော်ဆောင်ရွက်
ကျွန်ုပ်အလျင်းမရှက်
နှုတ်ကပတ်တော် ချီးမွမ်းမြွက်ဆို
တိုင်တော်မြတ်ဝါကြွားရာ

တိုင်တော်တွင် တိုင်တော်တွင် ပထမအလင်းမြင်
ကျွန်ုပ်နှလုံးမှ ဝန်ထုပ်လိမ့်သွား၏။
ထိုမှ ယုံခြင်းဖြင့် အလင်းကိုမြင်သည်။
ယခု တစ်နေ့လုံးဝမ်းမြောက်လျက်ရှိ။

ယေရှုနာမ တော်မြတ်သိ၏။
ထိုနာမကို ယုံကြည်၊
ကျွန်ုပ် ဝိညာဉ် ရှက်ခြင်း ကင်းစေ၊
မျော်လင့်ခြင်းလည်း တည်စေ။

ပလ္လင်တော်မြတ်ခိုင်ခံသည်နည်း။
ကတိတော်မြတ်တည်၏
လက်တော်ထဲမှာ အပ်ထားသမျှ
ကိုယ်တော် စောင့်ထိန်းနိုင်ပါ။